KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

ဇူလိုင်လ ၂၇ရက်၊ ၂၀၂၃ခုနှစ် /KHRG စာအမှတ်- 23-149-D1

---

# မူတြော်ခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - SAC မှ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်မှုကြောင့် ဒေသခံများဒဏ်ရာရရှိ၊ သေဆုံး (၂၀၂၃ခုနှစ်၊ ဧပြီလ)

---

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၃ခုနှစ်၊ ဧပြီလအတွင်း မူတြော် (ဖာပွန်)ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ဖြစ်ပွားခဲ့သည့်အဖြစ်အပျက်များကို ဖော်ပြထားသည်။ ၂၀၂၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ လက်နက်ကြီးများရမ်းသမ်းပစ်ခတ်မှုကြောင့် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထ ကျေးရွာအုပ်စု၊ ဝ---ကျေးရွာတွင်နေထိုင်သည့် ဒေသခံမိသားစုတစ်စုသည် ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး သေဆုံးသူလည်း ရှိခဲ့သည်။ ကလေးနှစ်ဦးအပါအဝင် ထိုမိသားစုဝင်လေးဦးသည် ပေါက်ကွဲသွားသည့်လက်နက်ကြီးအစအနများ ထိမှန်ခဲ့ပြီး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့၏အဖွားဖြစ်သူလည်း လက်နက်ကြီးထိမှန်၍ ထိုနေရာတွင်သေဆုံးခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ထိုရွာသားလေးဦးကို ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စုတွင် တည်ရှိသော ထီးသဘလုထဆေးခန်းသို့ပို့ဆောင်ခဲ့ပြီး လိုအပ်သည့်ဆေးကုသမှုခံယူခဲ့သည်။ ဒဏ်ရာရရှိခဲ့သည့် ထိုမိသားစုဝင်လေးဦးသည် မည်သည့်အဖွဲ့အစည်းထံမှ ငွေကြေးထောက်ပံ့မှုတစ်စုံတစ်ရာ မရရှိခဲ့ပေ။ သို့သော်လည်း ထီးသဘလုထဆေးခန်းမှ ၎င်းတို့အား အခမဲ့ဆေးကုသမှုပေးခဲ့သည်။* [1]

---

၂၀၂၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့ ည (၈း၂၀) မိနစ်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာထောကျေးရွာအုပ်စုတွင် အခြေစိုက်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ အမည်မသိရှိရသည့်တပ်ရင်းတစ်ရင်းသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့ နယ်၊ ထီးသဘလုထကျေးရွာအုပ်စု၊ ဝ---ကျေးရွာအတွင်းသို့ လက်နက်ကြီး ၁၂၀ မမ နှစ်လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ရွာသားတစ်ဦး၏အိမ်တစ်လုံးပေါ်သို့ကျပြီးပေါက်ကွဲသွားခဲ့၍ ထိုအိမ်တွင်အတူတကွနေထိုင်ကြသည့်မိသားစုဝင်ငါးဦးအား လက်နက်ကြီးအစအနများထိမှန်ခဲ့သည်။ ထိုမိသားစုဝင်လေးဦးမှာ ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့သည်။ စောက---၏မိခင်ဖြစ်သူ အသက် (၇၂)နှစ်ရှိသည့် နော်မရွှေသန်းသည် သူမ၏ဦးခေါင်းတွင်

---

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ မတ်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

လက်နက်ကြီးအစအနထိမှန်ပြီး ထိုနေရာတွင်သေဆုံးခဲ့သည်။ နော်ခ---၏ခင်ပွန်းဖြစ်သူ အသက် (၃၅)နှစ်ရှိသည့် စောက---၏လည်ပင်း၊ မေးစေ့နှင့် ညာဖက်လက်တွင် လက်နက်ကြီးအစအနများထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ စောက---၏ဇနီးဖြစ်သူ အသက် (၂၉)နှစ်ရှိသည့် နော်ခ---သည် သူမ၏ဘယ်ဖက်တင်ပါးတွင် လက်နက်ကြီးအစအနထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့၏သားဖြစ်သူ အသက် (၅)နှစ်အရွယ်ရှိသည့် စောစ---၏ညာဖက်ဒူးခေါင်းတွင် လက်နက်ကြီးထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့၏သမီးဖြစ်သူ အသက် (၂)လသာ ရှိသည့် နော်န---ကိုလည်း လက်နက်ကြီးအစအနများထိမှန်ပြီး သူမ၏ခန္ဓာကိုယ်အနှံ့အပြားတွင် ဒဏ်ရာရရှိခဲ့သည်။

၂၀၂၃ခုနှစ်၊ ဧပြီလ ၂ရက်နေ့ မနက် (၈)နာရီတွင် ဒေသခံခေါင်းဆောင်များနှင့်ရွာသားများသည် (ဗုဒ္ဓဘာသာဝင်) ဓလေ့ထုံးတမ်းအရ သေဆုံးသူနော်မရွှေသန်းကို သင်္ဂြိုလ်ပေးခဲ့သည်။ သူမအား မြေမြှုပ်သင်္ဂြိုလ်သည့်အချိန်တွင် ဒဏ်ရာရရှိနေသည့်သူမ၏သားသမီးနှင့်မြေးများသည် ဆေးခန်းတွင် ဆေးကုသမှုခံယူနေခဲ့သည်။ ရွာသားများသည် ဒဏ်ရာရရှိခဲ့သည့်ထိုမိသားစုတစ်စုအား ဆေးကုသမှုခံယူရန်အတွက် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထကျေးရွာအုပ်စုတွင်တည်ရှိသော ထီးသဘလုထဆေးခန်းသို့ ပို့ဆောင်ခဲ့သည်။ (နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးအဖွဲ့ - BPHWT မှ ဤဆေးခန်းကို စီမံခန့်ခွဲသည်။) ဝ--- ကျေးရွာသားများသည် ဒဏ်ရာရရှိနေသော ထိုမိသားစုဝင်လေးဦးကို ထမ်း၍ ခြေကျင်ဖြင့်ဆေးခန်းသို့ သယ်ဆောင်လာခဲ့သည်။ ၎င်းဆေးခန်းသို့ရောက်ရှိရန် အချိန်တစ်နာရီခန့်ကြာမြင့်ခဲ့သည်။ အဆိုပါထီးသဘလုထဆေးခန်းတွင် လုံလောက်သောဆေးဝါးပစ္စည်းများနှင့် ကျန်းမာရေးလုပ်သားများရှိသည့်အတွက်ကြောင့် ဒဏ်ရာရရှိခဲ့သည့်ရွာသားလေးဦးကို လိုအပ်သည့်ဆေးကုသမှုပေးနိုင်ခဲ့သည်။ ဝ---ရွာသားများသည် ဒဏ်ရာရရှိနေသည့်ထိုရွာသားလေးဦးကို ဆေးခန်းသို့ပို့ဆောင်ခဲ့ပြီး ဆေးကုသမှုခံယူနေစဉ်တွင် ၎င်းတို့အားပြုစုစောင့်ရှောက်ခဲ့သည်။

စောက---နှင့်၎င်း၏သားသမီးနှစ်ဦးသည် ထိုဆေးခန်းတွင် နှစ်ပတ်ကြာဆေးကုသမှုခံယူပြီးနောက် ဒဏ်ရာ ပျောက်ကင်း၍ သက်သာလာခဲ့သည်။ သို့သော်လည်း စောက---၏ဇနီးသည် ဒဏ်ရာပျောက်ကင်းမှုမရှိသေးသည့်အတွက် စောက---နှင့်၎င်း၏သားသမီးနှစ်ဦးသည် သူမအား ဒဏ်ရာပျောက်ကင်းသည့်အထိ ဆေးခန်းတွင်စောင့်နေခဲ့သည်။ နော်ခ---သည် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည့်အတွက်ကြောင့် ဆေးခန်းတွင်တစ်လကြာဆေးကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာများ မပျောက်ခဲ့ပေ။ ဒဏ်ရာရရှိသည့်အဆိုပါရွာသားလေးဦးသည် ဆေးကုသမှုနှင့်ဆေးဝါးများ၏ ကုန်ကျစရိတ်များအတွက် ပိုက်ဆံပေးစရာမလိုခဲ့ပေ။ အကြောင်းမှာ ဆေးခန်းမှ ၎င်းတို့အား အခမဲ့ဆေးကုသမှုပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါရွာသားများသည် ဆေးခန်းတွင်ဆေးကုသမှုခံယူနေစဉ်တွင် ၎င်းတို့သည် မည်သည့်အဖွဲ့အစည်းထံမှ ငွေကြေးထောက်ပံ့မှု မရရှိခဲ့ပေ။ ၂၀၂၃ခုနှစ်၊ မေလ ပထမအပတ်တွင် အဆိုပါရွာသားလေးဦးသည် ဆေးခန်းမှဆင်းလာနိုင်ခဲ့ပြီး ဝ---ကျေးရွာသို့ပြန်၍ တစ်ပတ်ခန့်နေထိုင်ခဲ့သည်။ နော်ခ---သည် သူမ၏သားသမီးများနှင့်အတူ ဝ---ကျေးရွာတွင် ဆက်လက်နေထိုင်ရန်ကြောက်ရွံ့နေခဲ့သည်။ ထို့ကြောင့် ၎င်းတို့မိသားစုသည် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ တကော်ဘိုးကျေးရွာအုပ်စု၊ ပ---ကျေးရွာတွင်ရှိသည့် ၎င်းတို့၏အဖွားဖြစ်သူအိမ်တွင် သွားရောက်နေထိုင်ခဲ့သည်။

SAC စစ်သားများသည် ဒွယ်လိုးမြို့နယ်အရှေ့ဖက်ခြင်းရှိ လေးဖိုးထ၊ ကတိုင်တိ၊ ထီးသဘလုထနှင့် မာထောကျေးရွာအုပ်စုများတွင် လက်နက်ကြီးများ အဆက်မပြတ်ရမ်းသမ်းပစ်ခတ်ခဲ့သည်။ စောက---သည် ဝ---ကျေးရွာတွင် ဆက်လက်နေထိုင်ပြီး ရွာတွင်လိုအပ်သည့်ကျောင်းသစ်တစ်ကျောင်းကို ကူညီဆောက်လုပ်ပေးနေပါသည်။ နော်ခ---နှင့်သူမ၏သားသမီးနှစ်ဦးမှာ အခြေအနေပုံမှန်ဖြစ်လာတော့မှ ရွာသို့ပြန်လာနေထိုင်မည်ဖြစ်သည်။







ဤပုံများကို ၂၀၂၃ခုနှစ်၊ ဧပြီလ ၁ရက်နေ့ ညအချိန်တွင် ရိုက်ယူခဲ့သည်။ ပုံတွင် SAC မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးတစ်လုံးမှာ ဝ--- ကျေးရွာတွင်ကျပြီးပေါက်ကွဲသွား၍ ရွာသားငါးဦးကို ထိမှန်ခဲ့သော အခြေအနေကို ပြထားပါသည်။ လက်နက်ကြီးအစအနများ ထိမှန်သွား၍ ရွာသားလေးဦးမှာဒဏ်ရာရရှိခဲ့ပြီး တစ်ဦးမှာသေဆုံးခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။